# Minutes of Myanmar Language Information Management Network Meeting
*28th May 2025, 2PM MMT, online via Zoom*

## Agenda

1. Presentation – MIMU HDP Nexus 5W (MIMU)
2. အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ
3. အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

## Attendance

Chair: Ei Ei Thein (MIMU)

Participants: AHRN, BS, Burnet, Carelink, CESVI, CPM, CP AoR, DRC, ICRC, JOICFP, MDM, MEET, MIMU, MSU, NRC, Space for Youth Network, SWISSAID, UNICEF, UNODC, WVM (23 participants from 29 organisations)

## ၁။ MIMU HDP NEXUS 5W (MIMU)

5W ကို ဖေဖော်ဝါရီလ ၂၀၂၅ တွင် ကောက်ယူခဲ့ပြီး ထိုအပတ်စဉ် ကောက်ခဲ့သော အချက်အလက်များနှင့် ပတ်သတ်ပြီး MIMU မှ အောက်ပါအတိုင်း ပြောပြဆွေးနွေးခဲ့ပါသည်။

၂၀၂၅ ဖေဖော်ဝါရီလအထိ လုပ်ဆောင်ကြသည့် 5W အချက်အလက်များကို အဖွဲ့ပေါင်း ၁၉၈ ဖွဲ့မှ ပေးခဲ့ပါသည်။ 5W Data များကို ၂၀၂၁ ခုနှစ် မတိုင်ခင်အထိ အဖွဲ့အစည်းအမည်များပါဝင်သော 5W Excel Data File များကို MIMU Website မှာ တင်ထားပေးပြီး နောက်ပိုင်းတွင် Data File များအပြင် အဖွဲ့အစည်း အမည်ပါသော မည်သည့်အချက်အလက်မှ MIMU Website ပေါ် မတင်ထားတော့ပါ။ Data များ ကောက်ယူရာတွင် Open, Restricted ဟု နှစ်မျိုးရှိပြီး သတ်မှတ်ထားသော အဖွဲ့အစည်းများ (5W ပေးပို့ထားသော အဖွဲ့အစည်းများ၊ Coordnation Group များ၊ Donor များ) ကို Open အနေဖြင့် ပေးပို့ထားသော Data များကိုသာ Data Request လုပ်ပါက ပေးပို့ပါသည်။ Restricted အနေဖြင့် ပေးပို့ထားသော Data များကို Org Code စနစ်ဖြင့် Confidential အနေနှင့် သိမ်းထားပြီး မည်သည့် အဖွဲ့အစည်းကိုမှ ပြန်လည်မျှဝေခြင်း မပြုလုပ်ပါ။ ယခု အပတ်စဉ်တွင် Confidential data မှာ ၂၉% လောက်ရှိပြီး အထူးသဖြင့် Agriculture Sector သည် Confidential အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် Health, Protection နှင့် Nutrition Sector တို့ လိုက်ပြီး ၎င်း sector များအတွက် အချက်အလက်ရယူလိုသူများအနေဖြင့် အချက်အလက် အပြည့်အဝမရနိုင်ပါ။

Product များအနေဖြင့် ယခင်အပတ်စဉ်များနည်းတူ Sector/Cluster မြေပုံများ နှင့် 5W Township Dashboard တို့ကို ထုတ်ပြီး ဖြစ်ပါသည်။ ယခုအပါတ်စဉ်မှစပြီး 5W products များကို မြို့နယ်အဆင့်အထိသာ ထုတ်မည်ဖြစ်ပြီး ကျေးရွာအုပ်စုအဆင့်လိုအပ်ပါက MIMU သို့တိုက်ရိုက်တောင်းခံနိုင်ပါသည်။

5W တွင် ပါဝင်လိုပါက 5W Data Entry Form နှင့်  5W Guideline ကို MIMU Website မှ 5W Page တွင် လေ့လာနိုင်မည်ဖြစ်ပြီး 5W Data Entry Form ကို ဖြည့်နည်းကိုပါ ဗီဒီယိုဖိုင်အနေနှင့် တင်ထားပေးပါသည်။ 5W Data တောင်းယူလိုပါက Map & Data Request မှ Online Data Request Link မှတဆင့် Organisation Email ကို အသုံးပြုပြီး တောင်းခံနိုင်ပါသည်။ (Organisation Email မှာ Gmail ဖြစ်နေပါက ဆရာမ အိအိသိန်း (ei.ei.thein@undp.org) သို့ တိုက်ရိုက် ပေးပို့ တောင်းခံနိုင်ပါသည်)။ ဆက်လက်ပြီး 5W Dashboard နှင့် maps တို့ရယူနိုင်သော MIMU 5W page  ကို ရှင်းလင်းပြသခဲ့ပါသည်။ Dashboard နှင့် products များအပေါ်တွင် အကြံပေးနိုင်ပြီး အချက်အလက်လွဲနေသည်များ ရှိပါကလဲ MIMU ကို ဆက်သွယ် ပြောပြပေးနိုင်ပါသည်။

**MIMU HDP NEXUS 5W** - https://themimu.info/5w-maps-and-reports

## ၂။ အစုအဖွဲ့ / ကဏ္ဍ / အေဂျင်စီ အလိုက် လုပ်ဆောင်မှုများ

**UNICEF (WASH Cluster)** ။ ။ WASH Cluster 4W ကို ၂၀၂၅ ခုနှစ် ပထမ ၄ လပါတ်ကောက်ယူမှု ပြီးပြီဖြစ်ပြီး Humanitarian Response Palan အတွက် လည်း လိုအပ်သော သတင်းအချက်အလက်များကို OCHA အား ပေးပြီးပြီဖြစ်ပါသည်။ cluster partner များနှင့် အတူ ၂၀၂၅ ငလျင်တွက် OCHA က ဦးဆောင်သော RNA (Rapid Need Assessment) နှင့် Damage Assessment ကောက်ယူခဲ့ပါသည်။ ဆက်လက်ပြီး MIRA (Multi-sector Initial Rapid Assessment) ကိုလည်း ကောက်ခဲ့ပြီး WASH အတွက် သီးသန့်လိုအပ်သော အချက်အလက်များကို ငလျင်ဒဏ်အများဆုံးခံစားရသော ၅၈ မြို့နယ်အတွင်း ကောက်ခံလျက်ရှိပါသည်။  ငလျင်နှင့် ပါတ်သက်သော 4W ကိုလည်း ၂ ပါတ်တစ်ခါ ကောက်ယူလျက်ရှိပါသည်။

**World Vision** ။ ။ ပုံမှန်လုပ်ဆောင်နေသော စီမံကိန်းများကို မြို့နယ် ၂၁ မြို့နယ်တွင် ဆက်လက် လုပ်ဆောင်လျက် ရှိပါသည်။  မိုးရာသီကာလအတွင်း မိုင်းအန္တရာယ်ပညာပေးနှင့် ရေကြီးရေလျှံမှု ပညာပေး အစီအစဉ်များကို ပိုမိုဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ပါသည်။  ထို့အပြင် human trafficking awareness session များလည်း ပြုလုပ်နေပါသည်။ ဒေသလိုအပ်ချက်ပေါ်မူတည်ပြီး ကချင်ပြည်နယ်တွင်လည်း စီမံကိန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိပါသည်။  ငလျင်သင့်ဒေသများဖြစ်သော မန္တလေး ၇ နှစ်မြို့နယ်တွင် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် စိတ်ကျန်းမာမြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ အခြား မန္တလေး ၃ နှစ်မြို့နယ်တွင် microfinance လုပ်ငန်းများကို partner များနှင့် လုပ်ဆောင်လျက်ရှိပါသည်။

**CESVI** ။ ။ ပုံမှန်စီမံကိန်းများကို လုပ်ဆောင်နေသည့်အပြင် ငလျင်သင့် ဒေသများဖြစ်သော မန္တလေးနှင့် စစ်ကိုင်းတိုင်းတို့တွင် RNA ကို ကောက်ယူခဲ့ပါသည်။ ရှမ်းပြည်တောင်ပိုင်းတွင် MIRA  ကောက်ယူခဲ့ပါသည်။  Post Disaster Assessment အတွက်လည်း မေးခွန်းများကို ပြင်ဆင်နေပါသည်။

**MIMU** ။ ။ Assessment/Publication information ကောက်နေပြီး Product updates ကို ဇွန်လထဲတွင် ပြုလုပ်မည် ဖြစ်ပါသည်။ MIMU သင်တန်းများအနေဖြင့် GIS Intermediate သင်တန်းနှင့် Information Management Workshop သင်တန်းကို ဖိတ်ကြားထားပြီး သင်တန်းများကို ဇွန်လနှင့် ဇူလိုင်လအတွင်း ပြုလုပ်သွားမည် ဖြစ်ပါသည်။

## ၃။ အထွေထွေဆွေးနွေးမှုများနှင့် အခြားဆွေးနွေးမှုများ

နောက်တွေ့ဆုံမှုကို ခန့်မှန်း ဩဂုတ်လ နောက်ဆုံးအပတ် ၂၇ ရက်နေ့တွင် လုပ်ပါမည်။ IM Product နဲ့ ပတ်သတ်ပြီး Present လုပ်လိုပါက ei.ei.thein@undp.org ကို ဆက်သွယ်နိုင်ပါသည်။